
ဘာသာပြန် စာရေးဆရာ - သန်းထက်အောင်
ပြိုင်ဘက်ကင်း သိုင်းနတ်ဘုရား
(လင်းဖန်)
(စာစဉ် - ၉၄)
(မြင့်မြတ်ငြိမ်းမှ ကူညီပြန်ဆိုသည်)

# အပိုင်း ( ၁၄၄၅ )

# အလှပဆုံးအချိန်လေးများ

အချိန်များ စွာ ကြာသွားပြီးနောက်တွင် မှ ထိုအခန်း တစ်ခုလုံးတွင် လင်းဖန်နှင့် လျန်ဖေး တို့ ၏ အနံ့အသက်များ ဖြင့် ပြည့်သွားတော့သည် ။ လျန်ဖေးသည် အိပ်ရာပေါ်တွင် လှဲ၍ အနားယူနေ၏။ သူမသည် အလွန်ပင်ပန်းကာ နာကျင်နေရသော်လည်း တစ်ချိန်တည်းမှာ ပင် ပျော်ရွှင်နေမိသည် ။ သူမ၏ တစ်ကိုယ်လုံး ချွေးများ ရွှဲနစ်နေပြီး သက်ပြင်းရှိုက်နေရာ သူမ၏ ရင်သားများက နိမ့်လိုက်၊ မြင့်လိုက် ဖြစ်နေ၏။

" ဖေးဖေး၊ မင်းက အရမ်းလှတာပဲ "

လင်းဖန်က သူမ၏ နို့နှစ်ရောင်ကဲ့သို့ ဖြူဖွေးနေသော ရင်နှစ်မွှာအား ကြည့်ကာ ပြောလိုက်သည် ။

ထိုစဉ် အပြင်ဘက်တွင် ရှောက်ရနှင့် ရှင်းရဲ့ တို့ နှစ်ဦး ပြန်ရောက်လာကြ၏။ သူတို့ မသွားမီက ရပ်နခဲ့ကြသော နေရာတွင် မည်သူမှ ရှိမနေတော့သည် ကို တွေ့သောအခါ သူတို့ ၏ နှလုံးခုန်နှုန်းများ အလွန်လျင်မြန် သွားကြသည် ။

" ရှောက်ရ၊ ဒီနားမှာ ထိုင်ရအောင်လေ "

ရှင်းရဲ့ က ပြောလိုက်သည် ။ သူမ၏ ပန်းဦးကို လင်းဖန် ခြွေခဲ့စဉ် အချိန်ကိုလည်း ပြန်သတိရ သွားမိ၏။ ရှောက်ရက ခေါင်းညိတ်ပြလိုက်

ပြီး ထိုင်ချလိုက်သည် ။ သူမ၏ မျက်လုံးများမှာ လည်း တလက်လက် တောက်ပနေ၏။ သို့သော် သူမ၏ စိတ်ထဲတွင် သူမသည် သန့်စင်နေသေးသည့် အလား အနည်းငယ် ထူးဆန်းသော ခံစားချက်မျိုး ခံစားလိုက်ရသည် ။

ရှင်းရဲ့ က ရှောက်ရအားကြည့်ကာ ပြုံးလိုက်၏။

" ရှောက်ရလေးက အရမ်းလှတာပဲ။ ညီမလေးလည်း ချစ်သူတစ်ယောက် ရှာသင့်နေပြီနော် "

" မရှာချင်ပါဘူး မမရှင်းရဲ့ ရယ် "

ရှောက်ရက ရှက်ရွံ့စွာဖြင့် ပြန်ပြော လိုက်သည် ။

" အဟမ်း အဟမ်း "

ထိုစဉ်မှာ ပင် လင်းဖန်နှင့် လျန်ဖေး တို့ နှစ်ဦး အခန်းထဲမှ ထွက်လာကြသည် ။ လျန်ဖေး၏ ဆံပင်များက အနည်းငယ် ရှုပ်ပွနေပြီး သူမ၏ မျက်နှာလေးမှာ လည်း နီရဲနေ၏။ သူမက ရှင်းရဲ့ နှင့် ရှောက်ရတို့ အား မျက်လုံးချင်း မဆုံရဲပဲ ရှက်ရွံ့စွာဖြင့် ခေါင်းလေး ငုံ့ထားလိုက်သည် ။

ရှင်းရဲ့ က နူးညံ့စွာ ပြုံးလိုက်၏။ ဖေးဖေးက ထိုအခိုက်တန့်အား မျှော်လင့်နေခဲ့သည် မှာ အချိန်အတန်ကြာပြီ ဖြစ်ကြောင်းကို သူမ သိထားပေသည် ။

" မမလျန်ဖေး၊ အဆင်ပြေရဲ့ လား။ မျက်နှာက နီရဲနေတာပဲ "

ရှောက်ရက လျန်ဖေးထံသို့ ပြေးသွားလိုက်ပြီး သူမ၏ လက်လေးကို ဆုပ်ကိုင်ကာ ပြောလိုက်သည် ။

" အမ် "

လျှန်ဖေး မည်သို့ ပြန်ပြောရမည် မသိဘဲ ဖြစ်သွား၏။ သူမတစ်ကိုယ်လုံးတွင် ချွေးများ ရွှဲနစ်နေပြီး မူးမေ့လဲကျ သွားမည်ကိုပင် စိုးရိမ်နေမိသည် ။

" မမဖေးဖေး၊ မမရဲ့ အင်္ကျီက ပြဲပြီးတော့ တွန့်ကြေနေတာပဲ "

ရှောက်ရက ပြောလိုက်သည် ။ လျှန်ဖေး သည် ရှက်ရွံ့မှုကြောင့် သူမ၏ နှလုံးသား တစ်ခုလုံး ပေါက်ကွဲ ထွက်သွားတော့ မတတ်ပင် ခံစားလိုက်ရ၏။

" အဟမ်း .. အဟမ်း .. "

လင်းဖန်က ချောင်းဟန့်လိုက်သည် ။ သူသည် လည်း ရှက်နေ၏။

" ရှောက်ရလေး၊ ငါ့ညီမလေးက အင်မတန်လှတဲ့ မိန်းကလေး တစ်ယောက်ပဲ။ ငါ့ညီမလေးအတွက် သင့်တော်မယ့် ယောကျ်ားတစ်ယောက် ရှာပေးရမယ် "

လင်းဖန်က ပြောလိုက်ပြီး သူမ၏ ပါးနှစ်ဖက်အား ဆွဲညှစ်လိုက်သည် ။ ရှောက်ရက လင်းဖန်၏ လက်များကို ဖယ်ချလိုက်ပြီး သူ့လည်ပင်းကို သိုင်းဖက်ကာ ပြန်ပြောလိုက်၏။

" ယောကျ်ားက မလိုချင်ပါဘူး အစ်ကိုရာ။ ကျမက အစ်ကိုရယ်၊ အစ်မတွေရယ်နဲ့ ပဲ အမြဲတမ်း နေသွားမှာ ။ ပြီးတော့ အစ်ကို၊ ကျမကို အဖိုးဆီ ခေါ်သွားပေးရဦးမယ်လေ "

" ကောင်းပါပြီကွာ။ အစ်ကိုက နောက်တစ်နှစ်နေရင် မိုးကောင်းကင်မြို့တော်ကို သွားမှာ ။ အဲဒီကို ရောက်လို့ ဘေးကင်းလုံခြုံတယ်ဆိုရင် မင်းကိုပါ ခေါ်သွားမယ်လေ "

လင်းဖန်က ပြောလိုက်သည် ။ ရှောက်ရ၏ မျက်လုံးလေးများ တ

ဖျတ်ဖျတ် လက်သွားပြီး ပြုံး၍ ပြောလိုက်၏။

" အစ်ကိုသွားရင် သေချာဂရုစိုက်ဦးနော်။ မိုးကောင်းကင်မြို့တော်မှ အစွမ်းထက် ကျင့်ကြံသူတွေ အများကြီးပဲ "

" အခုလို သတိပေးလို့ ကျေးဇူးတင်ပါတယ်ကွာ "

လင်းဖန်က ပြောလိုက်သည် ။ မိုးကောင်းကင် မြို့တော်သို့ သွားလျှင် အထူး သတိထားရမည် ဖြစ်ကြောင်းကို သူကိုယ်တိုင်လည်း သိထား၏။

" ဟုတ်ကဲ့၊ ဒါဆို ကျမ ဝူရှန်နဲ့ သွားဆော့ လိုက်ဦးမယ်နော် "

ရှောက်ရက ပြုံး၍ ပြောလိုက်ပြီး ပြေးထွက်သွားသည် ။ ရှင်းရဲ့ က ခပ်ယဲ့ယဲ့ ပြုံးလိုက်သည် ။ ရှောက်ရက ဝူရှန်လေးအား စနောက်တော့မည် ဖြစ်ကြောင်းကိုလည်း တွေးလိုက်မိ၏။

"လင်းဖန်၊ ရေပူစမ်းကိုသွားပြီး ရေချိုးလိုက်ဦးလေ။ ရှင့်တစ်ကိုယ်လုံးလည်း ချွေးတွေ ရွှဲနေတာ "

ရှင်းရဲ့ က ပြုံး၍ ပြောလိုက်သည် ။

" ဖေးဖေးရော သူနဲ့ လိုက်သွားလိုက် "

ထို့နောက် ရှင်းရဲ့ က လျှန်ဖေးဘက် လှည့်ကာ ပြုံး၍ ပြောလိုက်ပြန်၏။

" အ .. "

ရှင်းရဲ့ က ထိုသို့ ပြောလိုက်သောအခါ လင်းဖန်က ရှင်းရဲ့ အား ပွေ့ဖက်လိုက်ပြီး သူမကို ပွေ့ချီကာ ရေပူစမ်းဆီသို့ ပြေးသွားလိုက်သည် ။

" ရှင်းရဲ့ ၊ မင်းလည်း ကိုယ်တို့ နဲ့ အတူတူ ရေချိုးရမယ် "

လင်းဖန်က ပြုံး၍ ပြောလိုက်သည် ။ သူ့စကားကြောင့် ရှင်းရဲ့ ၏

မျက်နှာလေး ရှက်သွေး ဖြာသွား၏။

ထို့နောက် သူတို့ သုံးယောက်သည် ရေပူစမ်းထဲတွင် ရယ်ရယ်မောမောဖြင့် စကားပြောဆိုကာ ရေချိုးလိုက်ကြသည် ။ ယခု လင်းဖန်နှင့် လျှန်ဖေး တို့ နှစ်ဦး ချစ်တင်းနှောပြီးကြပြီ ဖြစ်ရာ သူတို့ ချင်းလည်း ပို၍ ပွင့်ပွင့်လင်းလင်း ရှိလာကြပြီ ဖြစ်သည် ။

" ရှင်းရဲ့ ၊ မင်း ရီရှွဲ့နဲ့ ယွမ်ရှီတို့ နှစ်ယောက်ကို သင့်တော်မယ့်ယောကျ်ား တစ်ယောက်ယောက် ဘာဖြစ်လို့ ရှာမပေးသေးတာလဲ။ သွေးနီတပ်သားတွေက ထူးချွန်ကြတာပဲ။ အဲဒီထဲက သင့်တော်မယ့်ကောင်လေးတွေ ရှာကြည့်ပေးသင့်တယ်နော် "

လင်းဖန်က ရှင်းရဲ့ အား ပွေ့ဖက်ထားလိုက်ရင်း ပြောလိုက်သည် ။

" သူတို့ နှစ်ယောက်လုံးက ယောကျ်ား မလိုချင်ကြဘူးတဲ့ ။ ဟွန်း၊ အဲဒါ ရှင့်ကြောင့် လေ၊ သိလား။ ယွမ်ရှီက အင်မတန် ဖြူစင်တာ။ ရှင်က သူ့အသက်ကို ကယ်ပြီးတော့ သူ့ကို ဒီကို ခေါ်လာခဲ့တာ။ အဲဒီတော့ သူက ရှင့်ကိုစွန့်ပစ်ပြီး ဘယ်မှ သွားမှာ မဟုတ်ဘူး ။ ရီရှွဲ့ကလည်း ကျမနဲ့ ညီအစ်မတွေလို ဖြစ်နေပြီ။ သူကလည်း ကျမကို ဘယ်တော့မှ ပစ်ထားမှာ မဟုတ်ဘူး ။ သူက ရှင် သူ့ကို အစေခံဘဝကနေ ဘယ်လို ကယ်တင်ပေးခဲ့တယ် ဆိုတဲ့ အကြောင်းတွေကိုတောင် ခဏခဏ ပြောတတ်တယ် "

ရှင်းရဲ့ က နူးညံ့စွာ ပြောလိုက်၏။

ရှင်းရဲ့ ၏ စကားကြောင့် လင်းဖန် အနည်းငယ် အံ့အားသင့်သွားရသည် ။ သို့သော် သူတို့ အား သူ နားလည် ပေးနိုင်ပေသည် ။ ယွမ်ရှီသည် အလွန်ရိုးသားပြီး ရီရှွဲ့ကမူ ထက်မြတ်၏။ ဤနေရာသို့ သူ ပြန်ရောက်လာသည့် အချိန်တိုင်း သူတို့ နှစ်ဦးသည် ခပ်လှမ်းလှမ်းမှ နေ၍ သာ

တိတ်တဆိတ်ဖြင့် ပြုံးကြည့် နေတတ်ကြသည် ။ သူတို့ က သူနှင့် ရင်းနှီး ချင်ကြသော်လည်း သူ့အား မလေးစားသကဲ့သို့ ဖြစ်သွားမည်ကိုလည်း စိုးရိမ်နေကြဟန် တူ၏။

" သူတို့ ကို အပြင်ခဏခဏ ခေါ်သွားရင် သူတို့ သဘောကျတဲ့ ယောက်ျားလေးတွေနဲ့ တွေ့ရင်တွေ့မှာ ပေါ့ "

လင်းဖန်က ပြုံး၍ ပြောလိုက်သည် ။

ထို့နောက် သူတို့ အားလုံး အဝတ်အစားများ လဲလှယ် ဝင်ဆင်လိုက်ကြပြီး ရှောက်ရနှင့် ဂူရှန်တို့ နှစ်ဦး ကစားနေရာသို့ သွားလိုက်ကြသည် ။ ဂူရှန်သည် လင်းဖန်အား မြင်သောအခါ လျှာလေး တစ်လစ်ထုတ်၍ အော်ဟစ်လိုက်၏။

" အစ်ကိုကြီး "

" ခစ် ခစ် "

ဂူရှန်၏ အမူအရာကြောင့် ရှင်းရဲ့ နှင့် လျန်ဖေး တို့ နှစ်ဦး ရယ်မောလိုက်ကြသည် ။

လင်းဖန်က ဂူရှန်အား ပွေ့ချီလိုက်၏။ ဂူရှန်က အလွန်ငယ်လွန်းသေးသည် ဖြစ်ရာ အသိပညာများအား သူ၏ နတ်ဘုရားအသိဖြင့် လွှဲပြောင်းပေး၍ မရနိုင်သေးပေ။ ဂူရှန်သာ တျန်ချီ အဆင့်သို့ ရောက်သွားပါက လင်းဖန်အနေဖြင့် ဧကရာဇ် ကျမ်းစာများအား သူ့ထံသို့ လွှဲပြောင်း ပေးနိုင်မည် ဖြစ်သည် ။

" ရှီရွှဲ့၊ အဖေတို့ အမေတို့ ရယ်၊ ဟန်မန်း နဲ့ ပိုဂျွန်ရယ်ကို သွားရှာပေးပါဦး။ သူတို့ အားလုံး နန်းတော်ထဲမှာ ပဲ ရှိကြမယ် ထင်တယ်။ ငါတို့ အားလုံး ညစာ အတူတူ စားကြရအောင် "

လင်းဖန်က အနောက်ဘက်တွင် ရှိနေသော ရီရွှဲ့အား ပြောလိုက်၏။

" ဟုတ်ကဲ့ပါ သခင်လေး "

ရီရွှဲ့က ခေါင်းညိတ်ပြကာ ပြောလိုက်သည် ။ ထို့နောက် ရီရွှဲ့နှင့် ယွမ်ရှီတို့ နှစ်ဦးလုံးပင် ထိုနေရာမှ ပြေးထွက် သွားလိုက်ကြ၏။

" အရမ်းလောစရာ မလိုပါဘူးကွာ။ အေးအေးဆေးဆေးပဲ သွားကြပါ "

လင်းဖန်က ခေါင်းကို ခါယမ်းရင်း ပြုံး၍ ပြောလိုက်သည် ။

" ဘာမှ မဖြစ်ပါဘူး သခင်လေး "

ခပ်လှမ်းလှမ်းမှ ရီရွှဲ့၏ အော်သံ ထွက်ပေါ်လာ၏။ ထို့နောက် ခဏကြာသောအခါ လင်းဖန်၊ သူ့မိဘနှစ်ပါး၊ ဟန်မန်းနှင့် ပိုဂျွန်တို့ သည် ခြံဝင်းတစ်ခုထဲ၌ စကားပြောဆို ရယ်မောကာ ညစာ စားသောက် နေကြသည် ။

လင်းဖန်က အရက်ပြင်းအချို့ ထုတ်ယူကာ မတွေ့ရတာ ကြာပြီဖြစ်သည့် ဟန်မန်း၊ ပိုဂျွန်တို့ နှစ်ဦးနှင့် အတူ သောက်လိုက်ကြသည် ။ သူတို့အားလုံး မူးသွားရန် လိုအပ်ပေသည် ။

" ဖန်လေး၊ ဒီတစ်ခွက်က ငါ့သားအတွက် "

လင်းဟိုင်က ပြောလိုက်ပြီး ခွက်မြှောက်ကာ လင်းဖန်နှင့် ချက်ချင်းတိုက်လိုက်ကြသည် ။ လင်းဖန်ကလည်း ပြုံး၍ အော်ပြောလိုက်၏။

" အဖေ "

" ဖန်လေး၊ မင်း နိုင်ငံရပ်ခြားမှာ အများကြီး ပင်ပန်းဆင်းရဲခံပြီး ဒုက္ခတွေ ရောက်ခဲ့ရတယ်။ ငါ အားလုံးကို နားမလည် နိုင်ပေမယ့် ဒီနေ့ ငါ

တို့ အားလုံး အခုလို ဆုံပြီးတော့ ပျော်ပျော်ရွှင်ရွှင် နေနိုင်တာကို ငါ တကယ် ဝမ်းသာမိတယ်။ မင်း အခုထက်ပို အောင်မြင်ပြီးတော့ တစ်နေ့မှာ ကောင်းကင် တိမ်တိုက်ကိုးခု ဒေသကြီးတစ်ခုလုံးကို အုပ်စိုးနိုင်ဖို့ ဆုတောင်း ပေးပါတယ်ကွာ။ ဒါပေမဲ့ အရေးကြီးဆုံးတစ်ခုက မင်းကိုယ် မင်းတော့ အရင်ဂရုစိုက်ပါ "

လင်းဟိုင်က ပြောလိုက်သည် ။ ယွဲ့မိန်ဟဲကလည်း ခွက်မြှောက်ကာ ပြောလိုက်၏။

" ဖန်လေး၊ သားက အမေ့အတွက် ရတနာလေးပါ "

" ကျတော်လည်း အစ်ကိုကြီးကို အကောင်းဆုံး ဆုတောင်းပေးပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ "

ထိုစဉ် ဂူရှန်ကလည်း စားပွဲပေါ်တွင် ရှိနေသော ခွက်တစ်ခုကို ကောက်မကာ မြှောက်၍ ပြောလိုက်သည် ။ အားလုံးပင် ဂူရှန်ကို ကြည့်ကာ ရယ်မော လိုက်ကြ၏။

" အစ်ကို ဂရုစိုက်ပ့ါမယ် "

လင်းဖန်က ပြုံး၍ ပြန်ပြောလိုက်သည် ။ ဘဝကြီးသည် တစ်ခါတစ်ရံ၌ မျှော်လင့်ထားသည် ထက်ပင် လှပ လွန်းနေတတ်၏။

ထို့နောက် သူတို့ အားလုံး မူးသွားကြသည် ။ ဂူရှန်သည် ပင် အရက်ပြင်းတစ်ငုံ သောက်မိသွားပြီး လည်ပင်းတစ်ခုလုံး ပူဆင်း သွားသောကြောင့် ငိုသွား၏။ သူ့မျက်နှာမှာ လည်း နီရဲနေပြီး ၎င်းကို ကြည့်ကာ သူတို့ အားလုံး အလွန်ကျယ်လောင်စွာ ရယ်မော လိုက်ကြသည် ။

လင်းဟိုင်က ဂူရှန်၏ ခေါင်းလေးကို ပုတ်ကာ ပြုံး၍ ပြောလိုက်၏။

" လင်းဖန် ငယ်ငယ်တုန်းက ဆိုရင် အခုလို ကံမကောင်းခဲ့ဘူး။ အဲဒီ

တုန်းက ငါက အစွမ်းမထက်တော့ သူ့အတွက် ခက်ခဲတဲ့ အချိန်တွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အခုလို အံ့မခန်း အစ်ကိုတစ်ယောက် ရထားတဲ့ အတွက် မင်း ကျေးဇူးတင်ပြီး ပျော်သင့်တယ်နော် ရှန်လေး "

" ရှန်လေးက အရမ်း ကံကောင်းတယ် "

ယွဲ့မိန်ဟဲကလည်း ပြုံး၍ ပြောလိုက်သည် ။ ဝူရှန်၏ မျက်နှာထက်တွင် ပျော်ရွှင်နူးညံ့သော အပြုံးတစ်ခု ထွက်ပေါ်လာ၏။ အားလုံးပင် ဝူရှန်အား ကြည့်လိုက်ကြသည် ။ ဝူရှန်က အမှန်တကယ် ကံကောင်း လှပေသည် ။ နောက်အနာဂါတ်တွင် လည်း ရှီယွီဒေသ တစ်ခုလုံးတွင် သူ့အား ဆန့်ကျင်ရဲမည့် သူ များ စွာ ရှိမည် မဟုတ်ချေ။

အားလုံးပင် ရယ်ရယ်မောမောဖြင့် နောက်နှစ်နာရီ ကြာသည် အထိ သောက်စားကာ စကားပြောဆို နေလိုက်ကြ၏။ ထို့နောက်တွင် လင်းဟိုင်က ယွဲ့မိန်ဟဲ၊ ဝူရှန်တို့ နှင့် အတူ အိပ်ဆောင်သို့ ပြန်သွားကြသည် ။ ဟန်မန်းနှင့် ပိုဂျွန်တို့ နှစ်ဦးမှာ လည်း ယွမ်ဟိုင်ကျောင်းတော်သို့ ပြန်သွားလိုက်ကြ၏။

ထို့နောက် လင်းဖန်က ရီရွှဲ့အား ပြောလိုက်သည် ။

" ရီရွှဲ့၊ ကျန်းလင်းကုန်နဲ့ ကျန်းလင်းရှောက်ကို သွားရှာလိုက်၊ ပြီးရင် တောင်ပံနက် အင်ပါယာကို သွားပြီးတော့ ထျန်ရှကျောင်းတော်ကို ဖျက်ဆီးပစ်ဖို့ ပြောလိုက်။ အဲဒီကိစ္စပြီးတာနဲ့ ငါ့ဓားကို ကျန်းလင်းရှောက်ကို ပေးပြီးတော့ ဂန်ယွီဒေသကို သွားဖို့ ပြောလိုက်ပါ။ တျန်ချီနှင်းဖုံးတောင်ထိပ်မှာ ရှိတဲ့ တျန်ချီအင်ပါယာကို သွားပြီးတော့ တျန်ကျီတောင်ထိပ်ရဲ့ လက်ရှိခေါင်းဆောင်ကို အသောကတောင်မှာ ကျောင်းတော်ကြီးများ အစည်းအဝေး စီစဉ်ကျင်းပဖို့ ပြောလိုက်ပါလို့ "

" ဟုတ်ကဲ့ပါ သခင်လေး "

ရီရွှဲ့က ပြောလိုက်သည် ။ ထို့နောက် သူမက လင်းဖန်၏ တျန်ကျီဓား နှင့် အတူ ထွက်ခွာ သွားလိုက်၏။ သူမ ထွက်ခွာသွားပြီးနောက် လင်းဖန် ၏ မျက်နှာထက်တွင် အပြုံးတစ်စ ထွက်ပေါ် လာသည် ။

***

# အပိုင်း ( ၁၄၄၆ )

# အသောကတောင်မှာ တွေ့ဆုံခြင်း

အားလုံး ထွက်ခွာသွားကြပြီးသည့် နောက်တွင် မူ အရာအားလုံး ပြန်လည် ငြိမ်သက်သွားပြီး ထိုနေရာတွင် လင်းဖန်၊ ရှင်းရဲ့ နှင့် လျှန်ဖေးတို့ သုံးဦးသာ ကျန်ရှိတော့၏။

လင်းဖန်က ခေါင်းမော့ကာ ကောင်းကင်ယံ၌ ထွန်းလင်း တောက်ပနေသော လမင်းကြီးအား ကြည့်လိုက်သည် ။

"ယန်တီက တော်တော် ထူးဆန်းတဲ့ သူပဲ။ အပြင်ကနေ ကမ္ဘာငယ်လေးတွေကို မမြင်နိုင် ပေမယ့် ကမ္ဘာငယ်ထဲက နေတော့ လမင်းရော၊ နေကိုရော မြင်ရတယ် "

" လမင်းကြီးက အရမ်းလှတာပဲနော် "

ရှင်းရဲ့ က လင်းဖန်ကိုယ်ပေါ် မှီနွဲ့၍ ပြောလိုက်သည် ။

" လမင်းကြီးက တကယ်ပဲ အရမ်းလှတယ်။ မင်းရဲ့ အလှလိုပေ့ါကွာ "

လင်းဖန်က ပြောလိုက်သည် ။ ရှင်းရဲ့ ၏ မျက်နှာထက်တွင် အပြုံးတစ်ခု ထွက်ပေါ်လာ၏။

" ရှင်က ပလီပလာတွေ အရမ်းတတ် လာတာပဲနော်။ လျှန်ဖေး က

ကျမထက်တောင် ပိုလှပါသေးတယ် "

" အဲဒါကတော့ ဘယ်လိုရှုထောင့်ကနေ ကြည့်လဲဆိုတဲ့ အပေါ် မူတည်တယ် "

လင်းဖန်က တဟားဟား ရယ်မော၍ ပြောလိုက်သည် ။ ရှင်းရဲ့ နှင့် လျှန်ဖေး တို့ နှစ်ဦးလုံး၏ မျက်နှာလေးများ ရဲတက်သွားကြပြီး လင်းဖန်၏ ပုခုံးအား တဖတ်ဖတ် ထုရိုက် လိုက်ကြသည် ။

" ဟား ဟား၊ မင်းတို့ နှစ်ယောက်လုံးက လှကြပါတယ်ကွာ။ ရှင်းရဲ့ က ရည်မွန်ပြီးတော့ ကျော့ရှင်းတဲ့ ပုံစံ ရှိတယ်။ ဖေးဖေးက အရမ်းစွဲဆောင်မှု ရှိတယ် "

လင်းဖန်က ပြုံး၍ ပြောလိုက်ပြီး မိန်းမပျို နှစ်ယောက်လုံးအား ဖက်လိုက်သည် ။

" ရှင် ကံကောင်းလို့ ကျမတို့ ကို ရထားတာနော် "

ရှင်းရဲ့ က ပြောလိုက်သည် ။

" ဒီည ကိုယ်တို့ အားလုံး အတူတူ အိပ်ကြရင် ကောင်းမလား "

လင်းဖန်က ပြောလိုက်၏။

" ဖေးဖေးနဲ့ ပဲ နေပါ "

" တော်ပါပြီ အစ်မရယ်။ သူ ကျမနဲ့ အတူရှိနေပြီးပြီပဲ။ အစ်မနဲ့ ပဲ နေပါ "

လျှန်ဖေး က ပြန်ပြောလိုက်သည် ။ လင်းဖန် တဟားဟား ရယ်မောကာ ပြောလိုက်၏။

" မင်းတို့ က တော်တော် ရှုပ်ကြတာပဲကွာ။ အားလုံး အတူတူပဲ အိပ်

ကြရအောင်လေ "

" ရှင်နော် "

" လင်းဖန်၊ ရှင် တော်တော် အကျင့် မကောင်းတာပဲ "

မိန်းမပျိုနှစ်ယောက်က ပြောလိုက်ကြသည် ။

" ကိုယ် မင်းတို့ နှစ်ယောက်လုံးကို ဂရုစိုက်နိုင်ပါတယ်ကွ "

လင်းဖန်က ရယ်မော၍ ပြောလိုက်ပြန်သည် ။ ထို့နောက် သူက လျှန်ဖေးကို ကြည့်ကာ ပြောလိုက်၏။

" ဖေးဖေး၊ မနက်ဖြန် ညနေကျရင် ကိုယ် မင်းအနားမှာ ရှိနေမယ် နော်။ ဒါပေမဲ့ တကယ်လို့ မင်းသာ ဆန္ဒရှိမယ်ဆိုရင် ဒီညလည်း ကိုယ်တို့ နဲ့ အတူတူ နေလို့ ရပါတယ် "

" အကျင့်မကောင်းလိုက်တာကြီး "

လျှန်ဖေးက မျက်စောင်းထိုးကာ အော်ဟစ်လိုက်သည် ။ ထို့နောက် ရှင်းရဲ့ နှင့် လျှန်ဖေး တို့ နှစ်ဦး ထိုနေရာမှ ထွက်သွား လိုက်ကြ၏။

အခန်းငယ်လေး တစ်ခုထဲတွင် ရှင်းရဲ့ သည် သူမ၏ အဝတ်အစား များကို ချွတ်လိုက်ပြီး အိပ်ယာပေါ်တွင် ရှိနေသော လင်းဖန်နံဘေးတွင် လှဲချလိုက်သည် ။ လင်းဖန်က ရှင်းရဲ့ အား ဖက်ထားလိုက်ပြီး သူမ၏ နှုတ်ခမ်းလေးများကို နမ်းရှိုက်လိုက်၏။

ထိုညလေးမှာ လင်းဖန်နှင့် ရှင်းရဲ့ တို့ နှစ်ဦးအတွက် ပြီးပြည့်စုံကာ လှပလွန်းသော ညလေးတစ်ည ဖြစ်သည် ။ သို့သော် လျှန်ဖေး အတွက်မူ အနည်းငယ် ကွဲပြားပြီး စိတ်မသက် မသာလည်း ခံစားနေရ၏။ နေ့လည်အစောပိုင်းက သူမနှင့် လင်းဖန် ချစ်တင်းနှောခဲ့ကြသည့် အချိန်ကို

လည်း ပြန်သတိရမိ သွားသည် ။ ယခု လင်းဖန်နှင့် ရှင်းရဲ့ တို့ နှစ်ဦး ချစ်တင်းနှော နေကြမည်လား ဆိုသည် ကိုလည်း သူမ သိချင်သွား၏။ သို့သော်သူမ မည်သည့် အရာများအား တွေးတောနေသည် ကို ပြန်လည် သတိထားလိုက်မိပြီး သူမ၏ မျက်နှာလေး ရဲတက်သွား၏။

လင်းဖန်သည် ကမ္ဘာငယ်ထဲတွင် ရက်အနည်းငယ် ကြာသည် အထိ ပျော်ရွှင်စွာ အချိန်ဖြုန်း နေလိုက်သည် ။ ဤရက်များ အတွင်း သူ ကျင့်ကြံခြင်းကိုပင် မလေ့ကျင့်ဖြစ်ဘဲ သူ့မိသားစုများ နှင့် မိတ်ဆွေ သူငယ်ချင်းများ အပေါ်တွင် သာ အာရုံအပြည့် စိုက်ထားလိုက်၏။ ထို့ အပြင် လွန်ခဲ့သော သုံးနှစ်ကျော်အချိန်အတွင်း သူ ပြန်မလာနိုင်ခဲ့သည် များ အတွက် အတိုးချကာ ဝူရှန်နှင့် အတူ ကစား၍ အချိန်ကုန်ဆုံး နေတတ်သလို ဟန်မန်း၊ ပိုဂျွန်တို့ နှင့် လည်း ညနေတိုင်း သောက်စားတတ်၏။ သူတို့ ကျင့်ကြံခြင်းနှင့် ပတ်သက်၍ လည်း စကားပြောဖြစ်ကြပြီး လင်းဖန်က သူတို့ နှစ်ဦးအား အနည်းငယ်ပင် သင်ကြား ပြသပေးထားခဲ့သည် ။ တစ်ခါတစ်ရံတွင် သူတို့ က ယွမ်ဟိုင် ကျောင်းတော် အကြောင်း ကိုလည်း ပြောဆိုနေတတ်ကြ၏။

ညအချိန်များ တွင် လင်းဖန်သည် ရှင်းရဲ့ ၊ သို့မဟုတ် လျန်ဖေး နှင့် အတူ ရှိနေတတ်ပြီး ညတိုင်း ချစ်တင်းနှောကာ သာယာဖွယ်ကောင်းသည့် အချိန်များကို ခံစားနေလိုက်သည် ။

မည်မျှ သာယာကြည်နူးဖွယ် ကောင်းလိုက်သည့် ဘဝတစ်ခုပေနည်း ။ မိန်းမပျိုလေး များကလည်း သူနှင့် အတူ ရှိနေရသည် ကို ပျော်ရွှင်ကျေနပ်နေကြသလို သူကိုယ်တိုင်လည်း ထိုအတွက် ပျော်ရွှင်ကြည်နူး နေမိ၏။ သို့သော် ဤနေရာမှ မကြာမီ သူ ပြန်၍ ထွက်ခွာသွားရမည် ဖြစ်ပြီး မည်သည့် အချိန်တွင် မှ ပြန်လာနိုင်မည်ဆိုသည် ကို မည်သူမှ မ

ပြောနိုင်ပေ။ တစ်ခါတစ်ရံ ရီရွှဲ့နှင့် ယွမ်ရှီတို့ ပင် လင်းဖန်နှင့် စကားပြောနေ တတ်ကြသည် ။ ရောက်ရကမူ ဝူရှန်လေးအား အမြဲတစေ စနောက်နေတတ်ရာ ဝူရှန်လေးက သူမအား ကြောက်ရွံ့သည် မှာ မထူးဆန်းလှချေ။

ရောက်ရ ကောင်းမွန်စွာ ကြီးပြင်း အရွယ်ရောက် လာသည် ကိုကြည့်ကာ လင်းဖန် ပျော်ရွှင်နေမိ၏။ ရောက်ရသည် သူမအစ်ကို၏ သေဆုံးခြင်းကိုလည်း တဖြည်းဖြည်း မေ့လျော့လာခဲ့ပြီး သူမ၏ အဖိုးကိုလည်း ယခင်ကလောက် လွမ်းဆွတ်ခြင်း ရှိတော့ဟန် မတူချေ။ တော်ဝင်နန်းတော်က သူမ၏ အိမ်ကဲ့သို့ ဖြစ်လာခဲ့လေပြီ။

ဤသို့ဖြင့် နောက်ဆုံးတွင် လင်းဖန် ဂန်ယွီသို့ ထွက်ခွာရမည့် အချိန်သို့ ရောက်ရှိလာ၏။ ထိုအချိန်တွင် ကျန်းလင်းကုန် ကလည်း တောင်ပံနက် အင်ပါယာမှ ပြန်ရောက်လာခဲ့သည် ။ သူ ထျန်ရှကျောင်းတော်အား ဖျက်ဆီး၍ ပြီးသွားခဲ့လေပြီ။

အသောက တောင်ကြားတွင် လင်းဖန်က အစီအရင်တစ်ခု အသုံးပြုကာ မီးအား ခိုးယူသွားခဲ့ပြီးနောက် မီးများ တဖြည်းဖြည်း ကွယ်ပျောက်သွားခဲ့သည် ။ လင်းဖန်က အစွမ်းထက် ကျင့်ကြံသူ များ စွာကိုလည်း သတ်ဖြတ်ပစ်ခဲ့၏။ ထို့နောက်တွင် သူက ထိုနေရာမှ ပျောက်ကွယ် သွားခဲ့ပြီး အင်အားကြီး အုပ်စုအချို့က တျန်ချီအား တိုက်ခိုက်ရန် ကြိုးစားခဲ့ကြသည် ။ သို့သော် အစွမ်းထက် အစီအရင်တစ်ခုက တျန်ချီအား ကာကွယ်ထား၍ သာ တော်သေးသည် ။

ထိုတိုက်ပွဲ ပြီးသွားသည့် နောက်တွင် မူ တျန်ချီက အရှိန်အဝါကြီးမားလာကာ ပို၍ အစွမ်းထက် လာခဲ့သည် ။ လင်းဖန်က ရောက်ယောက်ကျောင်း၏ ခေါင်းဆောင်ကြီး ကိုလည်း တိုက်ခိုက်ခဲ့၏။ ထို့နောက်တွင်

ရှောက်ယောက် ကျောင်း၏ ခေါင်းဆောင်ကြီးက ဂန်ယွိမှ ထွက်ခွာကာ လင်းဖန်နောက်သို့ ပါဟွမ် ရောက်သည် အထိပင် လိုက်ခဲ့သည် ။ နောက်ဆုံးတွင် သူက ပါဟွမ်မှ  အစွမ်းထက် ကျင့်ကြံသူ အချို့နှင့် အတူ ပြန်ရောက်လာခဲ့ပြီး ရှောက်ယောက် ကျောင်းတော်အား ပြန်လည် တည်ထောင်ခဲ့၏။

တျန်ချီမှ အစွမ်းထက် ကျင့်ကြံ သူများကလည်း ရှိန်ကုန်းမှ လူများအား သတ်ဖြတ်ခဲ့ပြီး ရှိန်ကုန်းမှာ ပျက်စီး သွားခဲ့ရသည် ။ ထိုနောက်ပိုင်းတွင် ရှိန်ကုန်းအား ပြန်လည် တည်ထောင် ခဲ့ကြသော်လည်း ရှိန်ကုန်း၏ အရှိန်အဝါက ရှောက်ယောက် ကျောင်းတော်ထက်ပင် ပို၍ အင်အား လျော့ကျ သွားခဲ့၏။

အရှေ့ပင်လယ် နဂါးနန်းတော်နှင့် မြစိမ်းရောင် ကောင်းကင်တို့ မှာ အနေအထား မပျက် ရှိနေကြဆဲ ဖြစ်သော်လည်း တျန်ချီထက် များ စွာ အင်အားနိမ့်ကျနေကြပြီ ဖြစ်သည် ။ ထို့အပြင် တျန်ချီမှ အစွမ်းထက် ကျင့်ကြံသူ နှစ်ယောက်က ကျင့်ကြံရန်အတွက် တခြားဒေသသို့ ထွက်ခွာသွားခဲ့သည့် အချိန်မှ စ၍ ဂန်ယွိမှ အခြားခေါင်းဆောင်များကလည်း ကျင့်ကြံခြင်းအပေါ် ပြန်၍ အလေးအနက် ထားလာခဲ့ကြသည် ။

ယခုတွင် မူ တျန်ချီက ဂန်ယွိ၏ ကျောင်းသားငယ်လေးများအားလုံး ပါဝင် ယှဉ်ပြိုင်နိုင်ကြမည့် ကျောင်းတော်ကြီးများ အစည်းအဝေးကို အသောကတောင်၌ ကျင်းပရန် စီစဉ်နေ၏။ ယခင်တစ်ကြိမ် ကျင်းပခဲ့သော ကျောင်းတော်ကြီးများ အစည်းအဝေးပွဲမှာ လည်း အသောကတောင်၌ပင် ကျင်းပခဲ့ခြင်း ဖြစ်သည် ။

အသောကတောင်ရှိ မြေပြင်သည် ဟင်းလင်းပြင်မီးလျှံကြောင့် အရာအားလုံး လောင်ကျွမ်း သွားခဲ့သခြင့် ခြောက်သွေ့ပူပြင်းနေ၏။ သို့သော်

တိုက်ပွဲစင်မြင့်က နေရာမပျက် ရှိနေသေးရာ ပြိုင်ပွဲကျင်းပရန် အတွက် အလွန်သင့်တော်သောနေရာတစ်ခု ဖြစ်မည်မှာ သေချာပေသည် ။

တိုက်ပွဲစင်မြင့်ပတ်လည်တွင် အုပ်စုအသီးသီးမှ လူများ စွာ ရောက် နေကြ၏။ တျန်ချီ၊ ရှောက်ယောက် ကျောင်းတော်၊ မြစိမ်းရောင်ကောင်း ကင်၊ အရှေ့ပင်လယ်နဂါးနန်းတော်၊ ရှိန်ကုန်း၊ ကောင်းကင် တိမ်တိုက် ကိုးခု ဓားကျောင်းတော်၊ သင်္ချိုင်းဟောင်း ကျောင်းတော် စသည် ဖြင့် ကျောင်းတော် အသီးသီး၊ အုပ်စုအသီးသီးမှ လူများ စွာပင် ရောက်ရှိနေ ကြသည် ။

ရှောက်ယောက်ကျောင်း၏ ခေါင်းဆောင်ကြီးသည် လက်တစ်ဖက် ဆုံးရှုံးထားခဲ့ရပြီး ထိုဒဏ်ရာမှ ပြန်လည်သက်သာ ပျောက်ကင်းခြင်း မရှိ သေးချေ။ ၎င်းက မြင့်မြတ်သော အမှတ်အသားများ ပေါင်းစပ် ပါဝင်နေ သည့် အစီအရင်များအား ပေ့ါသေးသေး သတ်မှတ်၍ မရနိုင်ကြောင်းကို သိသာ ထင်ရှားစေသည့် ဥပမာတစ်ခုလည်း ဖြစ်သည် ။

" ခေါင်းဆောင်တွေအားလုံး ဒီကို ရောက်နေကြတာပဲ "

လူအုပ်ကြီးက ဘေးပတ်လည်သို့ ဝေ့ဝဲကြည့်ရင်း တွေးလိုက်ကြ သည် ။ ရှောက်ယောက် ကျောင်း၏ ခေါင်းဆောင်ကြီး၊ မြစိမ်းရောင် ကောင်းကင်မှ သွမ့်မု၊ မဲ့ချင်း၊ နဂါးဘုရင် အစရှိသည့် လူများ အပြင် တျ န်ရွှမ်၏ ခေါင်းဆောင်လည်း ထိုနေရာတွင် ရှိနေ၏။ ထိုရက်များ အတွင်း တျန်ရွှမ်အား တောင်ထိပ်ခုနစ်ခု၏ အဓိက တောင်ထိပ် အဖြစ် လည်း သတ်မှတ်ထားကြသည် ။ တျန်ကျီဇီနှင့် သခင်ကြီးပိုင်တို့ ထွက် ခွာ သွားပြီးနောက်တွင် ထိုသို့ သတ်မှတ် ထားခဲ့ကြခြင်းလည်း ဖြစ်သည် ။ ထိုသို့ သတ်မှတ် ထားရသည့် အကြောင်းမှာ တျန်ရွှမ်သည် သခင်ကြီး ပိုင်နှင့် တျန်ကျီဇီတို့ ကြောင့် တိုးတက် မြင့်မား လာခဲ့ခြင်းကြောင့် နှင့်

လင်းဖန်က ထိုနေရာတွင် ပညာသင်ယူ ခဲ့သောကြောင့် ပင် ဖြစ်သည် ။

" မင်းတို့ က ဘာဖြစ်လို့ ကျောင်းတော်ကြီးများ အစည်းအဝေးပွဲကို ဒီနေရာမှာ ကျင်းပဖို့ ဆုံးဖြတ်ခဲ့ရတာလဲ "

ရှောက်ယောက် ကျောင်း၏ ခေါင်းဆောင်ကြီးက အေးစက်စက် မေးလိုက်သည် ။ ယခုအချိန်ထိ သူတို့ က တျန်ချီအား ဖျက်ဆီးချင်နေကြဆဲ ဖြစ်သည် ။ ယခု တျန်ချီက ရှုးသွပ်နေ၍ သာ ကျောင်းတော်ကြီးများ အစည်းအဝေးပွဲအား ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ရပေမည်။

ရှောက်ယောက်ကျောင်း၏ ခေါင်းဆောင်ကြီး၊ နဂါးဘုရင်နှင့် အခြားသူများကလည်း တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြသည် ။ ဤတစ်ကြိမ်တွင် တျန်ချီက မိမိ၏ ပျက်စီးရာ ပျက်စီးကြောင်းကို ကိုယ်တိုင် ရှာဖွေလိုက်ခြင်း ဖြစ်သည် ။

" သခင်ကြီး၊ ဘာပြဿနာများ ရှိလို့ လဲခင်ဗျာ "

အဘိုးအို တစ်ယောက်က ရှောက်ယောက်ကျောင်း၏ ခေါင်းဆောင်ကြီးအား စိတ်ချင်း ဆက်သွယ်သည့် နည်းဖြင့် မေးလိုက်သည် ။

" ဒီမှာ ဘာမှ အရေးမပါတဲ့ ဇွမ်ချီအဆင့်ခုနစ် ကျင့်ကြံသူ တစ်ယောက်ပဲ ရှိတာဆိုတော့ ဒီတစ်ကြိမ် ကျုပ်တို့ ဂန်ယွိကို သိမ်းပိုက်နိုင်မှာ ပါ "

ထိုအဘိုးအိုက ဆက်ပြောလိုက်၏။ ထိုအဘိုးအိုသည် ပါဟွမ်ဒေသရှိ အင်အားအကြီးဆုံး အုပ်စုများ ထဲမှ တစ်ခုဖြစ်သည့် နတ်ဘုရား ရှောက်ယောက်ကျောင်းတော်မှ အစွမ်းထက် ကျင့်ကြံသူ တစ်ဦး ဖြစ်သည် ။ သူက ရှောက်ယောက်ကျောင်းတော်အား ဂန်ယွိ၏ အုပ်ချုပ်သူများ ဖြစ်လာစေရန်အတွက် အကူအညီပေးရန် ရောက်လာခဲ့ခြင်းလည်း ဖြစ်သည် ။

" ခဏစောင့်ပါဦးကွာ စိတ်မရှည်မဖြစ်ပါနဲ့ "

ထိုစဉ် လူအုပ်ထဲ တစ်နေရာရှိ တျန်ရွှမ်၏ ခေါင်းဆောင်က ကျန်း လင်းရှောက်အား ပြောလိုက်သည် ။

" ရှောက်ယောက် ကျောင်းတော်မှာ ဇွမ်ချီထိပ်ပိုင်းအဆင့် ကျင့်ကြံသူ သုံးယောက် ရှိထားတယ်။ အဲဒီထဲက တစ်ယောက်က ဇွမ်ချီ အဆင့်ရှစ် ကိုတောင် ရောက်ထားပြီ။ ဒါပေမဲ့ ကျုပ်တို့ သခင်လေး ရောက်လာတဲ့ အထိပဲ စောင့်ကြည့်လိုက်စမ်းပါ "

ကျန်းလင်းရှောက်က စိတ်ချင်း ဆက်သွယ်သည့် နည်းဖြင့် ပြော လိုက်၏။ ရှောက်ယောက် ကျောင်းတော်အား နတ်ဘုရား ရှောက် ယောက် ကျောင်းတော်က ကူညီပေးနေခြင်းပင် ဖြစ်ရပေမည်။ ထိုသို့မ ဟုတ်ဘဲ ရှောက်ယောက် ကျောင်းတော်၌ ဇွမ်ချီထိပ်ပိုင်းအဆင့် ကျင့်ကြံ သူများ ရှိနေမည် မဟုတ်ပေ။

***